Myanmar National Human Rights Commission

e-Newsletter

Vol.2 No.2 February

## လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၇၀ အရ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် အမိန့်ကြော်ငြာစာများကို ၃၁-၁-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်-

(၁) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃

(၂) ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၃၊

(၃) ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၃

(၄) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကိုပြင်ဆင်သည့် ပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၃

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း



ဇန်နဝါရီလ ၃၁ ရက်

ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကို ၁၁-၁-၂၀၂၃ ရက်နေ့နံနက် (၁၀:၀၀) နာရီအချိန်၊ Conference Room တွင် ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်

ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာမြင့်သူမြိုင်၊ ဦးကျော်မြင့်၊ အထူးဖိတ်ကြားသူအဖြစ် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် သက်ဆိုင်ရာ ဌာနတာဝန်ခံများက ရုံးလုပ်ငန်းကိစ္စရပ်များအား တင်ပြဆွေးနွေးခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို (၁၃:၄၅) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကို ၃၁-၁-၂၀၂၃ ရက်နေ့၊ (၁၀:၀၀)နာရီအချိန်၌ ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြု လုပ်ခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနတာဝန်ခံများက တင်ပြ ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို နေ့လယ် (၁၄:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် ခန့်အပ်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ၏ (၃) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ကျင်းပခြင်း



ဇန်နဝါရီလ ၁၃ ရက်

၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် ခန့်အပ်ခဲ့သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များ၏ (၃) နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို ၁၃-၁-၂၀၂၃ ရက်နေ့ (သောကြာနေ့) (၁၃:၀၀) နာရီအချိန်၌ ကော်မရှင်ရုံးချုပ် (ရန်ကုန်) ရှိ Conference Room တွင် ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ပြီး ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြသည့် အရာထမ်း/အမှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဌာနအလိုက် ဆောင်ရွက်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် တင်ပြခဲ့ကြသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် လက်ဆောင်လဲလှယ်ခြင်း အစီအစဉ်အား ဆက်လက် ဆောင်ရွက်ပြီး အခမ်းအနားကို (၁၆:၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း



ဇန်နဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အတွင်းရှိ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား လုပ်အားရှင်များကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် စိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား လုပ်အားရှင်များ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကိုလည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စိုက်ပျိုးမွေးမြူရေး စခန်းအတွက် ကော်မရှင်မှ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေများကိုလှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်များအတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအား ရှေးဦးစုံစမ်းစစ်ဆေးမှုနှင့် ဌာနဆိုင်ရာ စစ်ဆေးမှု အကြောင်း သိကောင်းစရာများ သင်ကြားပို့ချခြင်း

ဇန်နဝါရီလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများအား ရုံးလုပ်ငန်းဆိုင်ရာများ အသိပညာမြင့်တင်ပေးနိုင်ရေး ရည်ရွယ်၍ ရှေးဦးစုံစမ်းစစ်ဆေးမှုနှင့် ဌာနဆိုင်ရာ စစ်ဆေးမှုအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက ၂-၁-၂၀၂၃ ရက်နေ့ (၁၃:၀၀) နာရီအချိန်၌ ကော်မရှင်ရုံး Conference Room တွင် သင်ကြားပို့ချပေးခဲ့ရာ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်း ၁၈ ဦး တက်ရောက်ခဲ့ကြပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာများ သွားရောက်ပို့ချခြင်း



ဇန်နဝါရီလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့သည် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက် ရှိသော အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၉) တွင် ၂-၁-၂၀၂၃ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက် များကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်းက နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့ အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် စသည့် သင်ခန်းစာများကိုလည်းကောင်း အသီးသီးပို့ချခဲ့ကြရာ စုစုပေါင်း သင်တန်းသားဦးရေ ၄၂ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က ပြန်လည် ဖြေကြားခဲ့ကြပါသည်။



## နှင်းဆီကုန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း



ဇန်နဝါရီလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာ တင်မောင်မောင်သန်းနှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၇-၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာအား သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် နှင်းဆီကုန်း

ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များနှင့် အဆောက်အအုံများတွင် သက်ကြီးရွယ်အိုများ နေထိုင်မှုအခြေအနေ၊ အဆောက်အအုံများအတွင်း အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေ စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ နှင်းဆီကုန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ဥပဒေရေးရာဌာန၏ လုပ်ငန်းစီမံချက်(၂၀၂၃ ခုနှစ်) အစည်းအဝေး ကျင်းပခြင်း



ဇန်နဝါရီလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ပါ ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဟာဗျူဟာစီမံကိန်းကို အခြေခံ၍ နှစ်အလိုက်နှစ်စဉ် လုပ်ငန်းစီမံချက်များအား ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ဥပဒေရေးရာဌာန၏ လုပ်ငန်းစီမံချက် (၂၀၂၃ ခုနှစ်) နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၃၀-၁-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌ၊ ဥပဒေရေးရာဌာန ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ ဘာသာရပ်အဖွဲ့ဝင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဥပဒေရေးရာဌာနမှ ဝန်ထမ်းများသည် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




Mnhrc Mobile Application

# မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဖန်းမော်အကျဉ်းထောင်နှင့် မြို့မရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဇန်နဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၁-၂၀၂၃ ရက်နေ့တွင် ဖန်းမော်အကျဉ်းထောင်နှင့် ဖန်းမော်မြို့မ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့်မြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံ၍ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့် ရထိုက်သော အသုံး အဆောင် ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်း တင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်ကိုဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်း ထောင်ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာ ဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ နှင့် Quarantine အဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် ၁၅၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ အုပ်တို့ကို ကော်မရှင်မှ ဖန်းမော်အကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ် ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာများ သွားရောက်ပို့ချခြင်း



ဇန်နဝါရီလ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၀) တွင် ၃-၁-၂၀၂၃ ရက်နေ့၊ ၀၇:၃၀ နာရီ အချိန်မှ ၁၁:၂၀ နာရီအချိန်အထိ လူ့အခွင့်အရေး ဆိုင်ရာသင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင်ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကလေးသူငယ် အခွင့်အရေးဆိုင်ရာသင်ခန်းစာများကိုပို့ချခဲ့ပါ သည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၄၉၃ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာ သော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်း များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၂၀) စောင် လက်ခံရရှိခဲ့ပါသည်။ နိုဝင်ဘာလ တိုင်တန်းချက် လက်ကျန် (၁) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၂၁) စောင် ရှိပြီး၊ တိုင်တန်းချက်များကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၅ ) စောင်ကို ကာယကံရှင် တိုင်ကြားသူများထံသို့ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၁၆ ) စောင်ကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ တိုင်စာ အင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ခ) အရလည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

# အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နေ့တွင် ပြိုင်ပွဲဝင်ခဲ့သည့် ပထမဆုရ ပန်းချီနှင့် ဆောင်ပုဒ်



### "အနာဂတ်ကမ္ဘာ လင်းလက်ဖို့ ကလေးများအား ပျိုးထောင်ကြို့"

ကလေးသူငယ်များအား မွေးကင်းစအရွယ်မှစတင်၍ စနစ်တကျ ပြုစုပျိုးထောင်ပေးမည်ဆိုပါက အနာဂတ်တွင် ကမ္ဘာမြေကြီး ပိုမို၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါသည်။ စနစ်တကျ ပျိုးထောင်ရာတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်သော ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (၂) မျိုးလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက်အရွယ်နှင့် လျော်ကန်သင့်လျော်သည့် ဖြည့်စွက်အာဟာရများအား စနစ်တကျ ကျွေးမွေးခြင်း၊ အစိုးရအနေဖြင့်လည်း ကလေးသူငယ်အခွင့်အရေးများ ဖောက်ဖျက်ခံရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးခြင်း၊ ကလေးသူငယ်များအား လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်များကို အပြည့်အဝပေး၍ အဓိကတာဝန်ရှိသူများဖြစ်သည့် မိဘ၊ ပတ်ဝန်းကျင်နှင့် အစိုးရအားလုံးက ပံ့ပိုး၍ ပျိုးထောင်မည်ဆိုပါက အနာဂတ်တွင် လင်းလက်လာမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ပြိုးသူဇာ

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာများ သွားရောက်ပို့ချခြင်း

ဇန်နဝါရီလ ၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၂) တွင် ၅-၁-၂၀၂၃ ရက်နေ့ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၁) တွင် ၁၃:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်ထိလည်းကောင်း လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၂) ၌ သင်တန်းသားဦးရေ ၃၈ ဦးနှင့် ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၁) ၌ သင်တန်းသားဦးရေ ၂၀ ဦး စုစုပေါင်း သင်တန်းသားဦးရေ ၅၈ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။



## ဒုတိယလူ့အခွင့်အရေးဦးစီးမှူးရာထူးခန့်အပ်နိုင်ရေး အရည်အချင်း စစ်ဆေးခြင်း

ဇန်နဝါရီလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် လစ်လပ်လျက်ရှိသော ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ရာထူး (၆) နေရာ ခန့်အပ်နိုင်ရေးအတွက် အလုပ်လျှောက်လွှာများအား နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ခေါ်ယူခဲ့ပြီး အရည်အချင်းစစ်ဆေးရေးအဖွဲ့က လျှောက်ထားသူ ၃၆ ဦးအား ရေးဖြေစစ်ဆေးမှုကို ၆-၁-၂၀၂၃ ရက်နေ့ (သောကြာနေ့) တွင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဖြေဆိုသူ ၃၆ ဦးအနက်မှ ရေး/ဖြေစစ်ဆေး အောင်မြင်သူ ၁၅ ဦးအား ၁၄-၁-၂၀၂၃ ရက်နေ့ (စနေနေ့) တွင် လူတွေ့နှင့် ကွန်ပျူတာအရည်အချင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



## Web Mail အသုံးပြုနည်း သင်တန်းဖွင့်လှစ်ခြင်း

ဇန်နဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ရုံးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် Web Mail အသုံးပြုနည်း သင်တန်းကို ၂၀-၁-၂၀၂၃ တွင် ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံး ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ပါသည်။



## ကော်မရှင်ရုံးဝင်းအတွင်း ခြင်ဆေးဖြန်းလုပ်ငန်း ဆောင်ရွက်ခြင်း



ဇန်နဝါရီလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးအတွင်း ရာသီတုပ်ကွေးဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ကော်မရှင်ရုံး အဆောက်အဦ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ် (၃) နှင့် ခြင်ပေါက်ဖွားနိုင်သည့် ရေမြောင်းများ၊ စတိုခန်းများ၊ အဆောင်များအား ခြင်ဆေးဖြန်းခြင်းကို ၃၁-၁-၂၀၂၃ ရက်နေ့ ညနေ (၁၆:၃၀) နာရီအချိန်တွင် ဆောင်ရွက်ခဲ့ပါသည်။



# ENGLISH SECTION

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)



January 2

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Commissioners Dr Than Myint and Dr Tin Maung Maung Than, gave lectures on human rights at the Management Course for Senior Level Officials (No.19) held at the Civil Service Academy (Lower Myanmar) on 2 January 2023 from 9:00 am to 3:50 pm.

In doing so, the Commissioner Dr Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights and the Establishment of Myanmar National Human Rights Commission and its Activities, Commissioner Dr Tin Maung Maung Than also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). After that the lecturers answered the questions asked by the trainees. A total of 42 Senior Level Officials from the departments attended as trainees on above-mentioned course.



## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

January 3

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr Khine Khine Win, Deputy Director General, gave the lecture on human rights at the Special Refresher Course for Basic Education Teachers (No.100) held at the Civil Service Academy (Lower Myanmar) on 3 January 2023 from 7:30 am to 11:20 am.

In doing so, the Deputy Director General gave the lecture on Child Rights. After that the Lecturer answered the questions asked by the trainees. A total of 493 teachers from the Department of Basic Education (DBE) attended as trainees the above-mentioned course.



## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)

January 5

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr Khine Khine Win, Deputy Director General, gave lectures on human rights at the Management Course for Senior Level Officials (No.12) on 5 January 2023 from 8:00 am to m 11:50 pm and the Management Course for Executive Level Officials (No.11) held at the Civil Service Academy (Upper Myanmar) from 1:00 am to 3:50 pm.

In doing so, the Deputy Director General gave the lectures on Human Rights Concept, Universal Declaration of Human Rights and the Establishment of Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by the trainees. A total of 38 directors and 20 deputy director – generals from the departments attended as trainees the above–mentioned courses.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေး၀န်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*